# ELPA 21 စာမေးပွဲအကျဉ်းချုပ် မိဘများအတွက် သတင်းအချက်အလက်

ချစ်လှစွာသော မိဘ/အုပ်ထိန်းသူများ၊

အင်္ဂါနေ့၊ ဖေဖော်ဝါရီ ၂ နှင့် အင်္ဂါနေ့၊ မတ်လ ၉ ရက်အတွင်းတွင် သင်တို့၏ကျောင်းသားများသည် ELPA21 ဟု လူသိများသော ၂၁ ရာစု အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု စာမေးပွဲကြီး (English Language Proficiency Assessment for the 21st Century) ကို ဖြေဆိုရပါမည်။

ELPA 21 သည် ကွန်ပျူတာဖြင့်ဖြေဆိုရသော စာမေးပွဲကြီးတစ်ခုဖြစ်ပြီး အင်္ဂလိပ်ဘာသာသင်ယူနေသူများအား သူငယ်တန်းမှ ၁၂ တန်းပညာရေးနှင့် ကောလိပ်မှ အသက်မွေးဝမ်းကြောင်း အဆင်သင့်ဖြစ်ရေးဆိုင်ရာ ပညာရေးတို့ကို သင်ယူစဉ် သူတို့၏လုပ်ဆောင်မှုကို တိုင်းတာစစ်ဆေးနိုင်ရန် ရည်ရွယ်လုပ်ဆောင်ထားခြင်းဖြစ်သည်။

ELPA 21 တွင်ပါဝင်သောအကြောင်းအရာများသည် ကျောင်းသားများ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု (ELP) စံနှုန်းနှင့် ပြည့်မီမှုရှိကြောင်း သို့မဟုတ် ပြည့်မီရန်တိုးတက်နေဆဲဖြစ်ကြောင်း သက်သေသာဓကတို့ကို စုစည်းဖို့ရည်ရွယ်လုပ်ဆောင်ထားပါသည်။ ဤစံနှုန်းများတွင် ခက်ခဲသည့်ဘာသာစကားအပိုင်း၊ ဘာသာစကားဆိုင်ရာ အသိပညာပိုင်းနှင့် ဘာသာစကားအသုံးပြုမှုအရည်အသွေးများဆိုင်ရာ အပိုင်းကဏ္ဍအားလုံးတို့ ပါဝင်သည်။

**ELPA 21 စာမေးပွဲကြီး၏ အကျိုးကျေးဇူးများ**

- နားထောင်၊ စကားပြော၊ စာဖတ်နှင့် စာရေးကဏ္ဍတို့တွင် ဘာသာစကားဆိုင်ရာ တိုးတက်မှု အရည်အချင်းကို တိုင်းတာခြင်း၊ ထိုဘာသာရပ်များတွင် အားနည်းချက်၊ အားသန်ချက်တို့ကို သိရှိအောင်ပိုင်းခြားခြင်း
- ပုံမှန်တိုင်းတာသည့်စံနှုန်းဖြင့် နှစ်စဉ်တိုးတက်မှုကို စစ်ဆေးတိုင်းတာခြင်း
- ခရိုင်နှင့် တစ်နိုင်ငံလုံးတွင်ရှိသော အခြားကျောင်းသားများနှင့်ယှဉ်၍ လုပ်ဆောင်နိုင်မှုစွမ်းရည်ကို စစ်ဆေးတိုင်းတာခြင်း

ELPA21 တွင်ပါဝင်သောအကြောင်းအရာများသည် ဆရာ၊ ဆရာမများအား ကျောင်းသားတစ်ဦး၏အားသန်သည့်အပိုင်း၊ အလေးထားကာ ထပ်ဆင့်ကူညီပေးရမည့်အပိုင်းများကို သိရှိအောင် ကူညီပေးသည်။

စာမေးပွဲကြီးမှရရှိသောအချက်အလက်များက ဆရာ၊ ဆရာမများအတွက် ဆုံးဖြတ်ချက်ကောင်းများချမှတ်နိုင်အောင် ကူညီပေးပြီး သွန်သင်ချက်များကို ပြန်လေ့လာ၍ တိုးတက်ကောင်းမွန်အောင် ပြုပြင်နိုင်စေသည်။

အီးအဲလ်အဲလ် (ELL) ဝန်ဆောင်မှုကို ငြင်းဆိုဖို့ရွေးချယ်ခဲ့သော မိဘများ၏ကျောင်းသားများအပါအဝင် အိုက်အိုဝါပြည်နယ်အတွင်းရှိ အီးအဲလ်အဲလ်ကျောင်းသားများအားလုံးသည် ELPA21 ကို နှစ်စဉ်ဖြေဆိုရပါမည်။ ဤစာမေးပွဲကြီးမှရမှတ်များသည် ပညာရေးလမ်းကြောင်းတွင် နောက်ထပ်ခြေလှမ်းများလျှောက်လှမ်းနိုင်ရန်အတွက် သင့်ကျောင်းသားကို ကူညီပြင်ဆင်ပေးနိုင်ပါလိမ့်မည်။

ELPA21 နှင့်ပတ်သက်၍ သင့်တွင် မေးစရာများရှိပါက သင့်ကျောင်းမှ အီးအဲလ်အဲလ်ဆရာ၊ ဆရာမကို ကျေးဇူးပြု၍ ဆက်သွယ်ပါ။

ရိုသေလေးစားစွာဖြင့်၊

အီးအဲလ်အဲလ် ဆရာမ